EEP
ENERGY AND ENVIRONMENT PARTNERSHIP / MEKONG

FORMIN.FINLAND.FI
MINISTRY FOR FOREIGN AFFAIRS OF FINLAND

# စွမ်းအင်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မဲခေါင်ဒေသနှင့် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်

## (လုပ်ငန်းစဉ် - ဒုတိယအဆင့်၊ ၂၀၁၄-၂၀၁၈)

စွမ်းအင်နှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မဲခေါင်ဒေသနှင့်ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (EEP Mekong) သည် ဖင်လန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ရံပုံငွေပံ့ပိုးမှုဖြင့် ဆောင်ရွက်နေသော စွမ်းအင်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကမ္ဘာ့အစီအစဉ် (EEP Global Program) ၏ တစ်စိတ်တစ်ဒေသဖြစ်ပါသည်။ EEP Programmes များအား အကောင်အထည်ဖော်နေသော အခြားဒေသများတွင် တောင်အာဖရိကနှင့် အရှေ့တောင်အာဖရိက၊ အန်ဒရီယန်ဒေသ၊ အမေရိကန်နိုင်ငံအလယ်ပိုင်းနှင့် အင်ဒိုနီးရှားနိုင်ငံများပါဝင်၍ အင်းဒိုနီးရှားနိုင်ငံတွင် လုပ်ငန်းအကောင်အထည်ဖော်မှု အောင်မြင်စွာ ပြီးစီးခဲ့ပြီဖြစ်ပါသည်။

EEP မဲခေါင်အစီအစဉ်အား ၂၀၀၉ ခုနှစ်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ EEP ၏ လုပ်ငန်းစဉ်ပထမအဆင့်ကို ဖင်လန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် Nordic ဖွံ့ဖြိုးမှု ရံပုံငွေအစီအစဉ်တို့မှ ပူးတွဲရံပုံငွေထောက်ပံ့မှုဖြင့် ဘတ်ဂျက်စုစုပေါင်း ယူရိုငွေ ၇.၉ သန်း ကျခံသုံးစွဲဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စီမံကိန်းအတွက် အဆိုပြုလွှာများခေါ်ယူပြီး မဲခေါင်ဒေသတွင်းလေးနိုင်ငံ (ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်) တို့တွင် စီမံကိန်း ၃၉ ခုကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်စေရေးအတွက် ရံပုံငွေများ ထောက်ပံ့ပေးခဲ့ပါသည်။ အဆိုပါစီမံကိန်းများကို မဲခေါင်ဒေသတွင်းအခြေစိုက်သည့် ပုဂ္ဂလိကကုမ္ပဏီများ၊ လုပ်ငန်းအဖွဲ့အစည်းများနှင့် တက္ကသိုလ်များ အပါအဝင် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာအဖွဲ့အစည်းပေါင်း (၇၅) ဖွဲ့ ခန့် ပူးပေါင်းပါဝင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

စီမံကိန်းအဆိုပြုလျှောက်လွှာ (၄) ကြိမ်ခေါ်ယူခဲ့ရာ ဒေသဆိုင်ရာ EEP Mekong ပူးပေါင်းဆောင်ရွက်ရေးဌာနမှ လျှောက်လွှာပေါင်း (၄၃၂) ခု လက်ခံရရှိခဲ့ပြီး အကဲဖြတ်စိစစ်၍ စီမံကိန်း (၃၉) ခုအား EEP Mekong မှ ရံပုံငွေထောက်ပံ့ပေးရန် ရွေးချယ်ခဲ့ပါသည်။ စတုတ္ထအကြိမ်မြောက် လျှောက်လွှာခေါ်ယူမှုမှ စီမံကိန်း (၇) ခုမှာ အကောင်အထည်ဖော်ဆောင်ရွက်နေဆဲဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ပါသည်။ ဤအစီအစဉ်သည် စီမံကိန်းတွင် လူဦးရေ (၅၀,၀၀၀) ထက်ကျော်လွန်၍ အကျိုးရှိခံစားခွင့်ရရှိစေပါသည်။ ရွေးချယ်ခဲ့သည့် စီမံကိန်း (၃၉) ခုအနက် (၁၃) ခု သည် အကျိုးသက်ရောက်မှု အဆင့်အတန်းပြည့်မီ ကျော်လွန်ကြောင်း သက်သေပြနိုင်ခဲ့ပါသည်။

EEP Mekong လုပ်ငန်းစဉ် ဒုတိယအဆင့်ကို ဖင်လန်နိုင်ငံခြားရေးဝန်ကြီးဌာန တစ်ဦးတည်းမှ ပံ့ပိုးပေးထားပြီး ဘတ်ဂျက်စုစုပေါင်း ယူရိုငွေ ၉.၁ သန်း ချမှတ်ထားပါသည်။ အဆိုပါ ရံပုံငွေပံ့ပိုးမှုသည် လူသားအားလုံးအတွက် စဉ်ဆက်မပြတ်စွမ်းအင် အမှန်တကယ်ရရှိရေး အကောင်အထည်ဖော်ခြင်းဖြင့် ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးနှင့် ရာသီဥတုဖောက်ပြန်မှုလျော့ချရေးတို့အား ရည်ရွယ်သည့် ဖင်လန်နိုင်ငံအစိုးရ၏ ဖွံ့ဖြိုးမှုဆိုင်ရာမူဝါဒတစ်စိတ်တစ်ပိုင်းလည်း ဖြစ်ပါသည်။

### ရည်ရွယ်ချက်

EEP Mekong အစီအစဉ်သည် ယုံကြည်စိတ်ချရသော၊ စဉ်ဆက်မပြတ်သော၊ ထုတ်လုပ်နိုင်စွမ်းရှိသော စွမ်းအင်များ တိုးမြှင့်သုံးစွဲနိုင်ရန်နှင့်တစ်ဆက်တည်း ကမ္ဘာလုံးဆိုင်ရာ ရာသီဥတု ဖောက်ပြန်မှုကို လျော့ချသွားရန်ရည်ရွယ်ပါသည်။

### လုပ်ငန်းအကောင်အထည်ဖော်မှု နည်းဗျူဟာ

လုပ်ငန်းစဉ် ဒုတိယအဆင့်တွင် EEP Mekong သည် လုပ်ငန်းရလဒ် အခြေပြုငွေကြေးထောက်ပံ့ခြင်းနှင့် လူ့အခွင့်အရေး အခြေပြုနည်းလမ်းများဖြင့် စီမံကိန်းအကောင်အထည်ဖော်နေသည့် လုပ်ငန်းစဉ်တစ်လျှောက် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### ၁။ အဆိုပြုလွှာများခေါ်ယူခြင်း (Call for Proposal-CFP)

ယခုလုပ်ငန်းစဉ်ဒုတိယအဆင့်အတွက် အဆိုပြုလွှာနှစ်ကြိမ်ခေါ်ယူရန်စီစဉ်ထားပါသည်။ ဤအစီအစဉ်သည် ပုဂ္ဂလိက ကဏ္ဍပူးပေါင်းပါဝင်မှုကိုအဓိကထား၍ ပုဂ္ဂလိက လုပ်ငန်းရှင်များအား လုပ်ငန်းတွင် အဓိကဦးဆောင်အကောင်အထည်ဖော်နိုင်စေရေး အားပေး နိုင်ရန်ရည်ရွယ်ပါသည်။ စီမံကိန်းများတွင် ပုဂ္ဂလိကကဏ္ဍလုပ်ငန်းရှင်များမှဦးဆောင်၍ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကိုယ်ကျိုးမဖက်သည့်အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များအသင်း စသည်တို့သည်လည်း ပူးတွဲပါဝင် ဆောင်ရွက်နိုင်ပါသည်။ အဆိုပြု clean energy စီမံကိန်းများ၏ လုပ်ငန်းအကောင်အထည်ဖော်သည့် အဆင့် တွင် စဉ်ဆက်မပြတ်စွမ်းအင်ရရှိစေရေးနှင့် ရေရှည်အကျိုးဖြစ်ထွန်းနိုင်ရေးအတွက် ရည်ရွယ်သည့် စီမံချက်များနှင့် စီးပွားရေးဆိုင်ရာ တွက်ချက်မှုပုံစံများ ထည့်သွင်းဖော်ပြရမည်ဖြစ်ပါသည်။



### ၂။ ရလဒ်အခြေပြုငွေကြေးထောက်ပံ့မှု (Result Based Financing -RBF)

အဆိုပြု စီမံကိန်းအပိုင်းအားလုံးတွင် EEP Mekong အစီအစဉ်၏ ပံပိုးမှုရရှိပါက သန့်ရှင်းသော စွမ်းအင်သုံးစွဲမှု မြှင့်တင်ရေးအတွက် မည်သို့အကျိုးထိရောက်စေမည်ကို ရှင်းလင်းစွာဖော်ပြရန် လိုအပ်ပါသည်။ EEP မဲခေါင်၏ငွေကြေးအထောက်အပံ့သည် လုပ်ငန်းရလဒ်ကို အခြေခံ၍ ပံ့ပိုးသည်ဖြစ်သည့်အလျောက် ကြိုတင်သဘောတူညီထားသော လုပ်ငန်းစဉ်အချိန်ဇယားအရ အစိတ်အပိုင်း တစ်ပိုင်းချင်းအလိုက် ပြီးစီးအောင်မြင်မှုအပေါ် မူတည်၍ စိစစ်အကဲဖြတ်ပြီးမှ ငွေကြေးပိုင်းဆိုင်ရာ ခံစားခွင့်များ ပေးအပ်သွားမည်ဖြစ်သည်။

### ၃။ လူ့အခွင့်အရေးအခြေပြုနည်းစနစ် (Human Right Based Approach -HRBA)

EEP မဲခေါင်အစီအစဉ်သည် လူ့အခွင့်အရေး အခြေပြု နည်းစနစ်၏ စည်းမျဉ်းစည်းကမ်းများနှင့် ရည်ရွယ်ချက်များကို စီမံကိန်းအစီအစဉ်ရေးဆွဲမှုနှင့် အကောင်အထည်ဖော်မှုများတွင် ထည့်သွင်း အသုံးပြုပါသည်။ ပူးပေါင်းပါဝင်နိုင်မှု၊ လုပ်ပိုင်ခွင့်အာဏာရရှိမှု၊ အဆင့်အတန်းခွဲခြားဆက်ဆံခြင်းမရှိမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံနိုင်မှု၊ အမျိုးသားနှင့်အမျိုးသမီး အခွင့်အရေးတန်းတူရရှိမှုနှင့် သဘာဝပတ်ဝန်းကျင်ရေရှည်အကျိုးဖြစ်ထွန်းမှု အစရှိသည့် စည်းမျဉ်းများကို လုပ်ငန်းစဉ်အကောင်အထည်ဖော်မှု အဆင့်တိုင်းနှင့် စီမံကိန်းကြီးကြပ်ကွပ်ကဲခြင်းနှင့် အကဲဖြတ်သည့်အဆင့်တိုင်းတို့တွင် အရေးကြီးသောအချက်များအဖြစ်ထည့်သွင်းသွားမည်ဖြစ်ပါသည်။

## အစီအစဉ်တွင်ပါဝင်သောအပိုင်းများ

၁။ နိုင်ငံတွင်းနှင့်ဒေသတွင်းရှိ အရင်းအမြစ်များကို စနစ်တကျ အသုံးချပြီး ရေရှည်တည်တံ့သော၊ ထုတ်လုပ်နိုင်သောစွမ်းအင်ကို ဖြည့်ဆည်းပေးခြင်းဖြင့် ကျေးလက်ဒေသ စွမ်းအင်မလုံ လောက်မှုပြဿနာများအား ဖြေရှင်းပေးရန်၊

၂။ ပြန်ပြည့်မြဲစွမ်းအင်ကို အခြေပြု၍ ကျေးလက်စွမ်းအင်ရရှိနိုင်ရေးအတွက် အထောက်အပံ့ပေးရန်၊

၃။ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ဒေသတွင်း ဗဟုသုတဖလှယ်ခြင်းတို့ဆောင်ရွက်ပေးရန်၊

## အဖွဲ့အစည်း၏ ဖွဲ့စည်းပုံ

EEP မဲခေါင်သည် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများရှိ သန့်ရှင်းသော စွမ်းအင်နှင့်ဆက်စပ်သည့် ဝန်ကြီးဌာနများနှင့် ရင်းနီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များကို EEP မဲခေါင်အစီအစဉ် ဦးဆောင်လမ်းညွှန်မှုကော်မတီ (Steering Committee) အဖွဲ့ဝင်များအဖြစ် အမည်စာရင်းတင်သွင်းထားပါသည်။ အဆိုပါ SC အဖွဲ့ဝင်များသည် တစ်နှစ်လျှင်နှစ်ကြိမ်တွေ့ဆုံပြီး စီမံကိန်း အကောင်အထည်ဖော်မှုဆိုင်ရာ လမ်းညွှန်မှုပေးခြင်းနှင့် အရေးကြီးသော ဆုံးဖြတ်ချက်များချမှတ်ခြင်းတို့ ပြုလုပ်လျက်ရှိပါသည်။

EEP Mekong အစီအစဉ်အတွက် စီမံချက်များရေးဆွဲခြင်းနှင့် ပူးပေါင်းအကောင်အထည်ဖော်ခြင်းတို့အား လာအိုနိုင်ငံ၊ ဗီယန်ကျန်းမြို့ရှိ ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးဌာနစိတ် (Regional Cooperation Unit) မှ ပံ့ပိုးကူညီသွားမည်ဖြစ်ပါသည်။

**စီမံကိန်းအဆိုပြုလွှာများအား စုစည်းပြီး ကောင်းကျိုးဖြစ်ထွန်းမှုပမာဏများပြား၍ လုံလောက်သော ကိုယ်ပိုင်ငွေကြေးရံပုံငွေရှိသည့် စီမံကိန်းများအား ရွေးချယ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။**

နိုင်ငံအလိုက်တွင် RCU နှင့်ပူးပေါင်းဆောင်ရွက်နေသည့် National Coordinator များမှ သက်ဆိုင်ရာနိုင်ငံအသီးသီးတွင် စီမံကိန်းအဆိုပြုလွှာခေါ်ယူမှုကို အများသိအောင်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။ ၎င်းအပြင် အဆိုပါ National Coordinator များမှ စီမံကိန်း အကောင်အထည် ဖော်ဆောင်ရွက်နေမှုများကို စောင့်ကြည့်အကဲဖြတ်ခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းနှင့် သတင်းအချက်အလက်များ ဖြန့်ဖြူးပေးခြင်းတို့ကိုလည်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**EEP 1 ဆိုင်ရာအချက်အလက်များ**

နိုင်ငံပေါင်း - ၄ နိုင်ငံ
ဘတ်ဂျက် - ယူရို ၇.၉ သန်း
အလှူရှင်ပေါင်း - ၂
အဆိုပြုလွှာခေါ်ယူမှုပြုလုပ်သည့်အကြိမ်ပေါင်း- ၄
ပါဝင်ခဲ့သောအဖွဲ့အစည်းပေါင်း - ၇၅
တင်သွင်းခဲ့သောအဆိုပြုလွှာပေါင်း - ၄၃၂
ရံပုံငွေထောက်ပံ့ခဲ့သောစီမံကိန်းပေါင်း - ၃၉
အကျိုးခံစားခွင့်ရရှိခဲ့သူပေါင်း - ၅၄,၇၆၈
ဆက်လက်မြှင့်တင်လုပ်ဆောင်သွားနိုင်သောစီမံကိန်းပေါင်း - ၁၃
နောက်လုပ်ငန်းများဆက်လုပ်ရန်ရံပုံငွေရရှိသွားသော စီမံကိန်း - ၁

**အချက်လက်များပိုမိုသိရှိလိုပါက**

www.eepmekong.org သို့ ဝင်ရောက်လေ့လာနိုင်ပါသည်။
Email – info@eepmekong.org

**လိပ်စာ -**

6th floor, Institute for Renewable Energy Promotion
Ministry of Energy and Mines, Nongbone Road, Vientiane, Lao PDR

**စာတိုက်မှ စာပို့ရန်လိပ်စာ**
Regional Coordination Unit
EEP Mekong Programme, PO Box 4400, Vientiane, Lao PDR